KBZSC

# THE MARKET WATCH

December 2017 – January 2018 Vol. 1 Issue 3

**Important Dates**

**December 2017**

**15 Dec – 03 Jan:** TMH Telecom ကုမ္ပဏီ၏ IPO ကာလ

**January 2018**

**02 Jan:** KBZSC မှ Online Trading ဝန်ဆောင်မှုအား စတင်ဖွင့်လှစ်ခြင်း

**12 Jan:** KBZSC ၏ Understanding Businesses of the Listed Companies ဟောပြောပွဲ

**23 Jan:** TMH Telecom IPO တွင် အဝယ်အောင်မြင်သူများ အား ကြေညာသည့်နေ့

**26 Jan:** TMH Telecom ၏ YSX တွင် စာရင်းဝင်သည့်နေ့

**30 Jan:** MAEX ၏ ဖွင့်ပွဲ အခမ်းအနား

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အကျဉ်းချုပ်

ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလအတွင်း အစုရှယ်ယာရောင်းဝယ်မှုပမာဏ စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၂.၂၄ ဘီလီယံကျော်ဖြစ်ပြီး၊ အစုရှယ်ယာစုစုပေါင်း ၃သိန်း ၂သောင်း စုကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ Block Trading (ရှယ်ယာအရေအတွက်အမြောက်အများရောင်းဝယ်ခြင်း) အနေဖြင့် နိုဝင်ဘာလ နှင့် ဒီဇင်ဘာလအတွင်း MTSH ရှယ်ယာစုစုပေါင်း ၂၇,၀၀၀ စု နှင့် MCB ရှယ်ယာစုစုပေါင်း ၂၀,၀၀၀ စုတို့ အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

| November & December 2017 | Total Volume | Total Trading Value (MMK) |
|---|---|---|
| **FMI** | 58,844 | 721,570,500 |
| **MTSH** | 222,864 | 694,414,250 |
| **MCB** | 21,778 | 176,466,300 |
| **FPB** | 25,387 | 652,508,000 |
| **Total** | **328,873** | **2,244,959,050** |

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလတွင် စုစုပေါင်းအရောင်းအဝယ်ဖြစ်သည့် ရှယ်ယာအစုရေ နှင့် တန်ဖိုးများ

# YSX News Update

## SECM မှ Online Trading ခွင့်ပြုခြင်း

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှ အောက်ဖော်ပြပါ Securities Company (၄) ခု အား Online Trading ဝန်ဆောင်မှုစတင်ပြုလုပ်ရန်ခွင့်ပြုမိန့် ထုတ်ပြန်ခဲ့ပါသည်။

(၁) KBZ Stirling Coleman Securities Co., Ltd. (KBZSC)
(၂) Myanmar Securities Exchange Centre Co., Ltd.
(၃) AYA Trust Securities Co., Ltd.
(၄) CB Securities Ltd.



Ref: Yangon Stock Exchange

## TMH Telecom ၏ ကနဦးရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း

TMH Telecom Public Company Limited သည် ၄င်း၏ ကနဦး အစုရှယ်ယာများအား အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ရက်နေ့ အထိ Initial Public Offering (IPO) ကာလအဖြစ်သတ်မှတ်ခဲ့ပါသည်။ IPO ကာလတွင် အစုရှယ်ယာ တစ်စုအား ၃,၀၀၀ ကျပ်ဖြင့် သတ်မှတ်ထားပြီး အစုရှယ်ယာစုစုပေါင်း ၅၄၄,၅၃၇ စု ထုတ်ဝေရောင်းချခဲ့ပါသည်။ TMH Telecom သည် YSX ၏ ပဥ္စမမြောက်စာရင်းဝင်ကုမ္ပဏီဖြစ်မည့်အပြင် YSX တွင် ပထမဦးဆုံးသော IPO ပါဝင်သည့် စာရင်းဝင်ကုမ္ပဏီဖြစ်ပါသည်။

# Interview with CFO and Executive Director of FMI

FMI ကုမ္ပဏီလီမိတက်၏ လက်ရှိလုပ်ငန်းများ၊ ထပ်မံတိုးချဲ့သွားမည့်လုပ်ငန်းများ နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို သိရှိနိုင်ရန် KBZSC မှ Group CFO နှင့် Executive Director ဦးထွန်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သော အကြောင်းအရာများကို မျှဝေပေးလိုက်ပါတယ်...



**KBZSC:** မင်္ဂလာပါ။ ပထမဦးဆုံးအနေဖြင့် ဦးထွန်းထွန်း အခုလက်ရှိ FMI ကုမ္ပဏီ လီမိတက်မှာ တာဝန်ယူထားတဲ့လုပ်ငန်းတွေကို မိတ်ဆက်ပေးပေးပါ။

**U Tun Tun:** ကျွန်တော်က FMI ကုမ္ပဏီလီမိတက်မှာ ၁၉၉၈ ခုနှစ်ကနေစပြီး ရှယ်ယာဌာနမှာစတင်အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီအချိန်ကနေစပြီး ဌာန အမျိုးမျိုးမှာ အလုပ်လုပ်ခဲ့ပြီးတော့ လက်ရှိအချိန်မှာတော့ ကုမ္ပဏီတစ်ခုလုံးရဲ့ ဘဏ္ဍာရေးအပိုင်းနှင့် ကုမ္ပဏီရဲ့လုပ်ငန်းအားလုံးကိုကြီးကြပ်သည့် Group CFO နှင့် Executive Director ရာထူးနှစ်ခုအား တာဝန်ယူလုပ်ဆောင်နေပါတယ်။

**KBZSC:** အခုလက်ရှိ FMI ကုမ္ပဏီ၏လုပ်ငန်းများနှင့် revenue strings (ဝင်ငွေရလမ်းကြောင်း) များ ကိုရှင်းပြပေးပါ။

**U Tun Tun:** ကျွန်တော်တို့ ဒီနှစ်ဆိုရင် FMI ကုမ္ပဏီ၏သက်တမ်းမှာ ၂၅ နှစ်ရှိပါပြီ။ ၂၅ နှစ် ကာလတစ်ခုလုံး ဖြတ်သန်းလာချိန်မှာ အချိန်အခါပေါ်မူတည်ပြီးတော့ လုပ်ငန်းတွေကိုပြောင်းလဲလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းစုတွေအများကြီးမှာ ဖြန့်ကျက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၃ နှစ်ကျော်လောက်ကနေစပြီး ကျွန်တော်တို့ရဲ့လုပ်ငန်းတွေကို လုပ်ငန်းကဏ္ဍကြီး ၃ ခုမှာ စုစည်းပြီးတော့ စနစ်တကျ အာရုံစိုက်ပြီး စတင်ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ခဲ့ပါတယ်။ ဒီကဏ္ဍကြီး ၃ခုကတော့ အခုအားလုံးသိကြတဲ့အတိုင်း 3 Pillars (မဏ္ဍိုင် ၃ ရပ်) ဖြစ်တဲ့ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ (Financial Services)၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ (Healthcare) နှင့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ (Real Estate) တို့ဖြစ်ပါတယ်။ Banking နှင့် Financial Services အပိုင်းမှာဆိုရင် ရိုးမဘဏ် နှင့် Wave Money ကို လုပ်ဆောင်တဲ့ Digital Money Myanmar တို့မှာ အာရုံစိုက်ပြီးလုပ်ဆောင်နေပါတယ်။ Healthcare ကဏ္ဍမှာဆိုရင် Pun Hlaing ဆေးရုံနှင့် ဆေးခန်းများကို နိုင်ငံတကာအဆင့်မီ ဆေးရုံကွန်ယက်ဖြစ်ရန်အတွက် ဆောင်ရွက်နေပါတယ်။ Real Estate ပိုင်းမှာဆိုရင် FMI အနေဖြင့်အဓိကအာရုံစိုက်ထားတဲ့ project ကြီး ၂ ခုရှိပါတယ်။ ပထမတစ်ခုကတော့ သန်လျင်မှာရှိတဲ့ Star City Project နှင့် ဒုတိယကတော့ ရန်ကုန်မြို့လယ်မှာစတင်ဆောက်လုပ်နေဆဲဖြစ်တဲ့ Yoma Central Project ပဲဖြစ်ပါတယ်။ Real Estate အပိုင်းမှာ တခြား project အငယ်တွေဖြစ်တဲ့ FMI Garden Development နှင့် နေပြည်တော်တွင်ပြုလုပ်မည့် Kris Plaza လုပ်ငန်းတွေလည်းရှိပါတယ်။ ကျွန်တော်တို့ နောက်ဆက်သွားမည့် လုပ်ငန်းကဏ္ဍအသစ်တစ်ခုကတော့ အခုလတ်တလောမှာရင်းနှီးမြှုပ်နှံမှုတွေတိုးချဲ့နေတဲ့ Tourism နှင့် ပတ်သက်တဲ့လုပ်ငန်း ဖြစ်ပြီး FMI ကုမ္ပဏီ၏ နံပါတ် ၄ ခုမြောက်မဏ္ဍိုင်ဖြစ်လာပါလိမ့်မယ်။



**KBZSC:** အခုလို ကဏ္ဍအသစ်တစ်ခုဖြစ်တဲ့ Tourism Industry မှာရင်းနှီးမြှုပ်နှံမှုတွေတိုးချဲ့ပြီးလုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်နှင့် ၄င်းလုပ်ငန်းမှ ကုမ္ပဏီအတွက် သက်ရောက်နိုင်သည့် အကျိုးအမြတ်နှင့် အခက်အခဲတစ်ချို့ကိုလည်းရှင်းပြပေးပါ။

**U Tun Tun:** Tourism Sector ကို နှစ်ပိုင်းခွဲပြီးကြည့်လို့ရပါတယ်။ ပထမဦးဆုံးအနေဖြင့် Tourism Industry တစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ Tourism လုပ်ငန်းဆိုရင် Tour ကုမ္ပဏီတွေရှိမယ်၊ ဟိုတယ်လုပ်ငန်းတွေ ရှိမယ်၊ ပြီးရင် လည်ပတ်စရာနေရာတွေနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းတွေရှိမယ်၊ နောက်ဆုံးအနေဖြင့် Tourism Industry နှင့်ဆိုင်တဲ့ အသုံးအဆောင်ပစ္စည်းတွေနှင့် သက်ဆိုင်တဲ့လုပ်ငန်းတွေရှိပါမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နှစ်စဉ်ခရီးသွား ဦးရေဟာ လူဦးရေ ၁ သန်းကျော်ကျော်လောက်ပဲရှိပါသေးတယ်။ တခြားအိမ်နီးနားချင်းနိုင်ငံတွေနှင့် Tourism Industry ဖွံ့ဖြိုးတဲ့နိုင်ငံတွေနှင့် ယှဉ်မယ်ဆိုရင် ဒါဟာအနည်းငယ်ပဲရှိပါသေးတယ်။ မြန်မာနိုင်ငံမှာ လည်ပတ်စရာတွေအများကြီးရှိတဲ့အတွက် ကျွန်တော်တို့ရဲ့ Tourism Industry ဟာ ဒီထက်မကဆက်တိုးတက်ဖို့အတွက် အခွင့်အလမ်းတွေရှိပါတယ်။ ဒီအခွင့်အလမ်းတွေကိုကြည့်မယ်ဆိုရင် Tourism ကဏ္ဍတစ်ခုလုံးကို ကြီးထွားအောင်ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ Tourism ကဏ္ဍဟာ FMI အနေဖြင့် ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်အားထက်သန်တဲ့ ကဏ္ဍတစ်ခုလည်းဖြစ်ပါတယ်။

ဒုတိယအပိုင်းကတော့ ကျွန်တော်တို့လက်ရှိလုပ်ဆောင်နေတဲ့လုပ်ငန်းတွေကိုကြည့်မယ်ဆိုရင် Balloons Over Bagan လုပ်ငန်းကို ပိုင်ဆိုင်ထားတာအချိန်ကာလအတော်အကြာရှိပါပြီ။ ဒါပေမယ့် လုပ်ငန်းကဏ္ဍတစ်ခုအနေဖြင့် အာရုံစိုက်ပြီး လုပ်ဆောင်တဲ့အထိ မရှိခဲ့ပါဘူး။ မြန်မာပြည်ရဲ့ Tourism အကြောင်းကို အင်တာနက်မှာရှာကြည့်မယ်ဆိုတာနဲ့ ဒီမိုးပျံဘောလုံးကြီးတွေကိုတွေ့ရမှာပါ။ ဒီလိုလုပ်ငန်းတစ်ခုဟာ အောင်မြင်နေပြီဆိုရင်တော့ လုပ်ငန်းတိုးချဲ့လုပ်ဆောင်ဖို့အတွက် တစ်ကယ့်ကိုအလားအလာကောင်းတဲ့ လုပ်ငန်းတစ်ခုဖြစ်နိုင်ပြီး ကျွန်တော်တို့အနေနှင့် Tourism လုပ်ငန်းတွေကိုစုစည်းပြီးတော့လုပ်ဆောင်ဖို့အတွက်ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလို Tourism လုပ်ငန်းတွေကိုစုစည်းတိုးချဲ့ပြီးတော့ ရေရှည်အောင်မြင်အောင်လုပ်ဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့အနေနှင့် ရင်းနှီးမြှုပ်နှံမှုတွေလိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေရှာဖို့အတွက် ကျွန်တော်တို့ရဲ့Tourism ကုမ္ပဏီဖြစ်တဲ့ Memories Group ကို စင်ကာပူစတော့အိတ်ချိန်း (SGX) မှာစာရင်းဝင်ဖို့အတွက် ၂ နှစ်ကျော်ကြိုးစားပြင်ဆင်ခဲ့ပါတယ်။



ဒီနှစ် ဇန်နဝါရီလဆန်း ၅ ရက်နေ့မှာပဲ Memories Group ကို SGX မှာ ကျွန်တော်တို့အောင်မြင်စွာ listing ပြုလုပ်ပြီးရှယ်ယာတွေစတင် ရောင်းချခဲ့ပါတယ်။ Listed company တစ်ခုအနေဖြင့် မြန်မာပြည်မှာ Tourism လုပ်ငန်းကိုအာရုံစိုက်ပြီးလုပ်မယ့်လုပ်ငန်းတစ်ခုအနေနှင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ကနဦးအနေဖြင့် ယခုလက်ရှိ Memories Group မှာ Toursim နှင့် ပတ်သက်တဲ့ လုပ်ငန်း ၅ ခု ပါပါတယ်။ ဒီလုပ်ငန်းတွေကတော့ Balloons Over Bagan၊ Pun Hlaing Lodge၊ Hpa-an Lodge၊ နောက်ထပ် ပုဂံ-ညောင်ဦးမှာရှိတဲ့ မြေကို ဖက်စပ်လုပ်ငန်းတည်ထောင်ဖို့ရှိပြီး နောက်ဆုံးအနေနှင့် ဖက်စပ်လုပ်ဆောင်မယ့် Tour ကုမ္ပဏီတစ်ခုရှိပါတယ်။ ဒါတွေအားလုံးခြုံကြည့်လိုက်မယ်ဆိုရင်တော့ experience ကို ကိုယ်စားပြုတဲ့ Balloons Over Bagan ရှိမယ်၊ ဟိုတယ်အပိုင်းကို ကိုယ်စားပြုတဲ့လုပ်ငန်းတွေရှိမယ်၊ ပြီးတော့ service အပိုင်းကို ကိုယ်စားပြုတဲ့ Tour ကုမ္ပဏီရယ် အားလုံးပေါင်းကဏ္ဍ ၃ ခု ရှိပါမယ်။ Memories Group အနေနှင့် ဒီလုပ်ငန်း ၅ ခု မှာရပ်သွားမှာမဟုတ်ပါဘူး။ နောက်ထပ် Tourism နှင့်သက်ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ထပ်မံတိုးချဲ့သွားမှာဖြစ်ပါတယ်။

Memories Group မှာ FMI အနေဖြင့် ကျွန်တော်တို့ပိုင်ဆိုင်တဲ့ လုပ်ငန်းတွေကိုထည့်လိုက်ပြီးဒီကုမ္ပဏီရဲ့ရှယ်ယာတွေကို ယူလိုက်ပါတယ်။ တဖက်မှာ ဒီကုမ္ပဏီရဲ့လုပ်ငန်းတွေ တိုးချဲ့ပြီးဆက်လက်ကြီးထွားနိုင်ဖို့အတွက် FMI ရဲ့ Operations နှင့် Business Development အဖွဲ့တွေကလည်း လုပ်ငန်းပိုင်းဆိုင်ရာ အထောက်အပံ့တွေပေးနေပါတယ်။ ပြည်တွင်းပိုင်းမှာရှိတဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို ကျွန်တော်တို့ကလက်ရှိလုပ်ဆောင်ပေးနေပါတယ်။ FMI အနေဖြင့်လည်း ဒီလုပ်ငန်းရဲ့ ပိုင်ဆိုင်မှုကို ရာခိုင်နှုန်းတစ်ခု အထိစနစ်တကျတိုးချဲ့သွားဖို့ မျှော်မှန်းထားပါတယ်။

**KBZSC:** FMI ကုမ္ပဏီဟာ Holding Company တစ်ခုအနေနှင့် နှစ်ပေါင်းအတော်အကြာ လုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့ပြီး ယခုအချိန်မှာ Holding Company မှ Operating Company အဖြစ် ပြောင်းလဲလုပ်ဆောင်နေကြောင်းသိရှိရပါတယ်။ ဒီလိုပြောင်းလဲရသည့် အကြောင်းအရင်းနှင့် ကုမ္ပဏီအပေါ်သက်ရောက်နိုင်သည့် အကျိုးကျေးဇူးများကိုလည်းရှင်းပြပေးပါ။

**U Tun Tun:** အရင်တုန်းက FMI ကုမ္ပဏီရဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ လုပ်ငန်းတွေရဲ့အရွယ်အစားနှင့် လုပ်ငန်းအမျိုးအစားပေါ် မူတည်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုငွေအင်အားတက်နိုင်တဲ့ပမာဏတစ်ခုကို passive investment ပုံစံဖြင့်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါတယ်။ FMI အနေဖြင့် နေ့စဉ်လုပ်ငန်းပိုင်းတွေကိုတော့ ဦးဆောင်ပြီးလုပ်ခဲ့တာမရှိခဲ့ပါဘူး။ အချိန်အခါနှင့် လုပ်ငန်း အလားအလာတွေပေါ်မူတည်ပြီး FMI က ဒီလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးချဲ့ခဲ့ပါတယ်။ ဒါကတော့ ကုမ္ပဏီရဲ့ လုပ်ဆောင်နိုင်မှုပေါ်မူတည်ပြီးတော့ အသုံးပြုခဲ့တဲ့ business model ပါ။

အချိန်ကြာလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုတွေများလာတဲ့အခါမှာ FMI အနေဖြင့် အရင်ကလို passive investment ပုံစံနှင့် မဟုတ်တော့ပဲ လုပ်ငန်းတွေကိုပိုပြီးအောင်မြင်အောင်တိုးချဲ့ဖို့အတွက် လုပ်ငန်းပိုင်းဆိုင်ရာဦးဆောင်မှုတွေပေးရမည့် အပိုင်းတွေ ရှိလာပါတယ်။ ဒါကြောင့် အရင်က passive investment model အစား proactive ဖြစ်ပြီး လုပ်ငန်းတွေကိုဦးဆောင်မှုပေးနိုင်မည့် operating model ကို ပြောင်းလဲလုပ်ဆောင်ရခြင်းဖြစ်ပါတယ်။

နောက်ထပ် FMI အနေဖြင့် deal-sourcing ဆိုတဲ့ project တွေရှာတဲ့တာဝန်ပါထပ်တိုးလာပါတယ်။ Project ရှာတဲ့အခါမှာ လက်ရှိမဏ္ဍိုင် ၃ ခု အတွက် ကဏ္ဍအလိုက် အကျိုးရှိမယ့် project တွေကိုရှာရပါမယ်။ အခုထပ်တိုးချဲ့နေတဲ့ Tourism ကဏ္ဍကိုလည်းဆက်ပြီးကြီးထွားစေဖို့အတွက် FMI က အကျိုးရှိမယ့် လုပ်ငန်းတွေကို ကိုယ်တိုင်ရှာပေးရမည့် အခြေအနေ ဖြစ်လာပါတယ်။ လက်ရှိလုပ်ငန်းတွေကို အဘက်ဘက်ကနေပံ့ပိုးဖို့အတွက် အရင်တုန်းက model ကို ပြောင်းလဲဖို့ဆုံးဖြတ်ခဲ့ ပါတယ်။ အခုလက်ရှိ FMI အနေဖြင့် Finance အပိုင်းပဲဖြစ်ဖြစ်၊ Business Development အပိုင်းပဲဖြစ်ဖြစ်၊ project တွေကို ဦးဆောင်တဲ့အပိုင်းပဲဖြစ်ဖြစ် အဘက်ဘက်ကနေပံ့ပိုးပေးနေပါတယ်။ FMI က operating model ကိုပြောင်းလဲပြီးတော့ လုပ်ငန်းတွေကိုဦးဆောင်မှုပေးနိုင်တဲ့ အခန်းကဏ္ဍကနေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**KBZSC:** အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍအနေဖြင့်လည်းပြောင်းလဲမှုတွေရှိလာပြီဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ချင်သူတွေအတွက်စိတ်ဝင်စားမှုအရှိဆုံးကတော့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုခဲ့သည့် Myanmar Company Act ပဲဖြစ်ပါတယ်။ Myanmar Company Act အသစ်နှင့်ပတ်သက်ပြီး ဦးထွန်းထွန်းရဲ့ ထင်မြင်ချက်ကိုသိပါရစေ။

**U Tun Tun:** ကျွန်တော့်အမြင်ကတော့ Myanmar Company Act ဟာ မြန်မြန်အသက်ဝင်လေ စီးပွားရေးလောကအတွက် ကောင်းလေလို့သုံးသပ်မိပါတယ်။ စီးပွားရေးဈေးကွက်တစ်ခုလုံးအနေနှင့်ကလည်း Myanmar Company Act အသက်ဝင်လာဖို့အတွက် ကြိုဆိုနေကြပါတယ်။ ကျွန်တော်တို့စီးပွားရေးလုပ်ငန်းတစ်ခုအနေနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့အခါမှာ တစ်ဖက်မှာ equity capital လို့ခေါ်တဲ့ ရှယ်ယာထည့်ပြီးရင်းနှီးမြှုပ်နှံချင်တဲ့သူတွေကိုရှာရသလို နောက်တစ်ဖက်မှာ debt financing လို့ခေါ်တဲ့ ချေးငွေကိုလည်း ရှာရပါတယ်။ လုပ်ငန်းတစ်ခုလုပ်တဲ့အခါမှာ equity နှင့် debt ကို မျှတအောင်ထားဖို့ လိုပါတယ်။ တစ်ဖက်မှာ ချေးငွေပမာဏတွေ များလာပြီဆိုရင် နောက်တစ်ဖက်မှာ equity ပမာဏကလိုက်မကြီးထွားနိုင်ရင်တော့ လုပ်ငန်းလည်ပတ်ဖို့အတွက် အရမ်းခက်ခဲမှာပါ။ ကုမ္ပဏီအနေနှင့်ဆက်လက်ကြီးထွားဖို့အတွက် equity အပိုင်းကိုဆက်ချဲ့ဖို့ လိုလာပါမယ်။ ဒီလိုဆက်ချဲ့တဲ့အချိန်မှာ ပြည်တွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မလုံလောက်တဲ့အခြေအနေတွေအများကြီးရှိနိုင်တဲ့ အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလိုအပ်လာ ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေယူတဲ့အခါမှာ အရမ်းအရေးကြီးတာကတော့ ကျွန်တော်တို့မြန်မာကုမ္ပဏီရဲ့ အနှစ်သာရတွေမပျောက်သွားဖို့ပါပဲ။ ဒါကတော့ ပထမအပိုင်းအနေနဲ့အရေးကြီးတဲ့အချက်ပါ။

ဒုတိယအချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို လက်ခံတဲ့အခါမှာလည်း ကျွန်တော်တို့မြန်မာကုမ္ပဏီအနေနှင့် လိုက်နာရမယ့် စည်းကမ်းတွေ၊ အုပ်ချုပ်မှုဆိုင်ရာကျင့်ဝတ်တွေကို စနစ်တကျလိုက်နာဖို့လိုအပ်လာပါပြီ။ ဒီလိုကျင့်ဝတ်တွေ ကျင့်သုံးမှပဲ ကျွန်တော်တို့ အရင်းအနှီးတွေရလာမှာပါ။

တတိယအချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရရှိတဲ့အခါမှာ နည်းပညာပိုင်းဆိုင်ရာလွှဲပြောင်းမှုတွေလည်းပါလာမှာပါ။ ဒါတွေက Myanmar Company Act အသစ် အသက်ဝင်လာတဲ့အချိန်မှာဖြစ်ပေါ်လာမည့် အားသာချက်တွေပဲဖြစ်ပါတယ်။ FMI အနေဖြင့်လည်း ဒီအားသာချက်တွေကို တချိန်ကျရင်အကျိုးခံစားနိုင်မယ်လို့မျှော်မှန်းပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ Myanmar Company Act အသစ် မြန်မြန်အသက်ဝင်လာဖို့အတွက် ကြိုဆိုပါတယ်။

**KBZSC:** ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်တဲ့ မေးခွန်းလေးမေးချင်ပါတယ်။ FMI ရှယ်ယာမှာရင်းနှီးမြှုပ်နှံချင်တဲ့သူတွေကို ဘယ်လိုအကြံဉာဏ် များပေးချင်ပါသလဲ။ ရင်းနှီးမြှုပ်နှံသူတွေအနေနှင့်လည်း ဘာကြောင့် FMI ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံသင့်လည်းဆိုတဲ့ ဦးထွန်းထွန်းရဲ့ ထင်မြင်ချက်ကိုပြောပြပေးပါ။

**U Tun Tun:** ရင်းနှီးမြှုပ်နှံမှုသီအိုရီတွေအရတော့အမျိုးမျိုးရှိပါတယ်။ ကျွန်တော့်ထင်မြင်ချက်တစ်ခုကို ပြောပြချင်ပါတယ်။ ရှယ်ယာဝယ်တယ်ဆိုတာ သစ်ပင်တစ်ပင်စိုက်တာနဲ့တူပါတယ်။ ဒီအပင်က ဒီနေ့စိုက်ပြီး နောက်နေ့တော့ချက်ချင်းမကြီးလာနိုင်ပါဘူး။ အချိန်ယူပြီးတော့စောင့်ရပါမယ်။ ဒီလိုစောင့်နေတဲ့အချိန်အတွင်းမှာလည်း ကျွန်တော်တို့အနေနှင့် ဒီအပင်ဟာဘာအမျိုးလဲ၊ ဥပမာ တစ်သီးစားအပင်လို ကြီးထွားတာတော့မြန်တယ် တစ်ရာသီပြီးတာနဲ့ကုန်သွားတဲ့အပင်မျိုးလား၊ ဒါမှမဟုတ်နှစ်ရှည်ပင်လိုမျိုး နှစ်ပေါင်းများစွာအသီးအပွင့်ဝေဆာပြီးတော့ အကျိုးကျေးဇူးခံစားရနိုင်တဲ့အပင်မျိုးလားဆိုတာတော့လေ့လာဖို့ အကြံပြုချင်ပါတယ်။ FMI အနေဖြင့် အမြဲဆောင်ရွက်နေတာကတော့ ပုံမှန်ဝင်ငွေမှန်မှန်ရပြီး ရေရှည်တည်တံ့ပြီးကြီးထွားနိုင်တဲ့ ကုမ္ပဏီတစ်ခုဖြစ်အောင် ရည်မှန်းထားပါတယ်။

ဈေးကွက်ထဲက ရင်းနှီးမြှုပ်နှံသူတွေကို ကျွန်တော်အကြံပြုချင်တာကတော့ ခုနပြောတဲ့အခြေခံအချက်ကို သဘောပေါက်နားလည်လာပြီဆိုတဲ့အခါမှာ နောက်ထပ်အရေးကြီးတာကတော့ ဘယ်ဈေးမှာအရောင်းအဝယ်ပြုလုပ်မှာလဲဆိုတဲ့ ဈေးနှုန်းကိုသတ်မှတ်တတ်ဖို့ လေ့လာသင့်ပါတယ်။ ဒါကိုနားလည်မှ ဘယ်ကုမ္ပဏီကို ဘယ်ဈေးမှာရင်းနှီးမြှုပ်နှံမှာလည်းဆိုတာကို သုံးသပ်နိုင်မှာဖြစ်ပါတယ်။ လက်ရှိဈေးကွက်က ဒီနှစ် dividend (အမြတ်ဝေစု) ဘယ်လောက်ပေးလဲဆိုတာကို အရမ်းအရေးပေးပါတယ်။ ကျွန်တော်ကတော့ ဒီအတွေးအခေါ်ကိုလည်း နည်းနည်းပြောင်းဖို့သင့်ပြီလို့အကြံပြုချင်ပါတယ်။

**KBZSC:** နောက်ဆုံးမေးခွန်းကတော့ ဦးထွန်းထွန်းအနေနှင့် မြန်မာနိုင်ငံရဲ့အရင်းအနှီးဈေးကွက် နှင့် ရန်ကုန်စတော့အိတ်ချိန်းဖွံ့ဖြိုးဖို့အတွက် ဘယ်လိုအကြံမျိုးပေးချင်လဲသိပါရစေ။

**U Tun Tun:** ကျွန်တော်ကတော့ ရန်ကုန်စတော့အိတ်ချိန်းကို ပိုပြီး liberal ဖြစ်ပြီးတော့ ပိုပြီး dynamic ဖြစ်စေချင်ပါတယ်။ Liberal ဖြစ်ပြီးတော့ dynamic ဖြစ်စေချင်တယ်ဆိုတဲ့ဟာမှာ ဈေးကွက်မှာရှိတဲ့ကုန်ပစ္စည်း အမျိုးအစားများများရှိဖို့လိုသလို ဒီကုန်ပစ္စည်းကို အရောင်းအဝယ်လုပ်တဲ့ process ကိုလည်း မြန်မြန်ဆန်ဆန်ချောချောမွေ့မွေ့ဖြစ်အောင်လုပ်ဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော့်အမြင်မှာတော့ စတော့ရှယ်ယာဆိုတာလည်း ကုန်ပစ္စည်းတစ်မျိုးပါပဲ။ ကုန်ပစ္စည်းများများရှိပြီး အလွယ်အကူဆုံးအရောင်းအဝယ်ပြုလုပ်နိုင်မှ ရင်းနှီးမြှုပ်နှံမှုတွေဝင်လာနိုင်မယ်လို့ထင်ပါတယ်။ တစ်ချို့အရာတွေကတော့ ဈေးကွက်အနေနဲ့ဆောင်ရွက်တဲ့ market phenomenon တွေရှိသလို တစ်ဖက်မှာလည်း ရင်းနှီးမြှုပ်နှံသူတွေများများဝင်ပါလာချင်အောင် ဘယ်လိုနည်းနဲ့ဆောင်ရွက်မလဲဆိုတာကို လုပ်ဆောင်ဖို့တိုက်တွန်းချင်ပါတယ်။ ကျွန်တော့အမြင်မှာတော့ စတော့ရှယ်ယာ ၄-၅ ခုနဲ့ ဈေးကွက်တစ်ခုဖြစ်လာဖို့က ခက်ခဲပါတယ်။



**KBZSC:** အခုလိုအချိန်ယူပြီးမေးခွန်းများကို အလေးအနက်ဖြေကြားပေးသွားတဲ့ ဦးထွန်းထွန်းကို ကျေးဇူးအထူးတင်ရှိပါတယ်။

# TMH Telecom Public Company Limited

TMH Telecom Public Company Limited သည် တာမိုးညဲချမ်းသာထွန်းဝေသောကုမ္ပဏီအမည်ဖြင့် ၂၀၀၇ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ အများနှင့်မသက်ဆိုင်သောကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ TMH Telecom ကုမ္ပဏီသည် ကိုယ်ပိုင် R&D အဖွဲ့ဖြင့် လုပ်ငန်းများစတင်နိုင်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် TMH Telecom Co., Ltd ဟုအမည်ပြောင်းလဲကာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

TMH Telecom သည် YSX ၏ ပဉ္စမမြောက်စာရင်းဝင်ကုမ္ပဏီဖြစ်သည့်အပြင် YSX တွင် ပထမဦးဆုံးသော IPO ပါဝင်သည့် စာရင်းဝင်ကုမ္ပဏီဖြစ်ပါသည်။ TMH သည်လက်ရှိအချိန်တွင် ဝန်ထမ်း ၄၂၃ ဦး၊ ဆိုင်ခွဲ ၉ ခုဖြင့် လုပ်ငန်းများလည်ပတ်နေပြီး မြန်မာနိုင်ငံအနှံ့တွင် ရုံးခန်းပေါင်း ၃၀ ရှိပါသည်။ ကုမ္ပဏီ၏ဖုန်းငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ချီမှုလုပ်ငန်းအတွက် စက်ရုံ ၂ ခုလည်းတည်ထောင်ထားပါသည်။ TMH သည် Telecom “i” license နှင့် ISO 9001/2008 လက်မှတ်များ ရရှိထားသော ကုမ္ပဏီတစ်ခုလည်းဖြစ်ပါသည်။

| | |
|---|---|
| ကုမ္ပဏီမှတ်ပုံတင်အမှတ် | 368/2007-2008 |
| အုပ်ချုပ်မှုဒါရိုက်တာ | ဦးသီဟလွင် |
| 2017 ဒီဇင်ဘာလအထိ ထုတ်ဝေပြီးသော ရှယ်ယာစုစုပေါင်း | 11,546,240 အစု |
| IPO တွင် ထပ်မံထုတ်ဝေသော ရှယ်ယာစုစုပေါင်း | 544,537 အစု |
| ရှယ်ယာတစ်စု၏ Par Value | 1,000 ကျပ် |
| YSX တွင် စာရင်းဝင်သည့်နေ့ | 26 January 2018 |

## TMH Telecom ၏ အဓိက လုပ်ငန်းများ

### ICT ဝန်ဆောင်မှု

- BTS နှင့် Fiber ပြုပြင်ထိန်းသိမ်းမှု
- CW နှင့် Engineering
- Fiber ကုန်ထုတ်လုပ်မှု နှင့် ဖြန့်ချီရောင်းချခြင်း
- System Integration
- အခြား ICT အထူးဝန်ဆောင်မှု လုပ်ငန်းများ

### Broadband

- B2B ဝန်ဆောင်မှု
- B2C ဝန်ဆောင်မှု
- Smart Home
- Video ဝန်ဆောင်မှု
- JMGO Smart Theater

### Metro Fiber Operation

- Fiber ငှားရမ်းမှုလုပ်ငန်း
- Safe City
- VPN (Virtual Private Network)

## TMH ၏ အဓိက အောင်မြင်မှုမှတ်တမ်း

### Auto Switch System

- နေရာပေါင်း - ၁၂၆ နေရာ
- စာရင်းပေးသွင်းထားသူ - ၆၀,၂၃၂ ဦး

### ဖုန်းငွေဖြည့်ကတ် ဖြန့်ချီမှုလုပ်ငန်း

- လစဉ်ကတ်ထုတ်လုပ်မှု- ပျမ်းမျှ ၃ သန်း
- ဖြန့်ချီသောနေရာ - ရန်ကုန်တိုင်း အနောက်ပိုင်း၊ ရှမ်းပြည်မြောက်ပိုင်း ဒေသ

### BTS တပ်ဆင် ထိန်းသိမ်းမှုလုပ်ငန်း

- MPT ၁၀၀၀+ နေရာ
- MEC ၃၀၀+ နေရာ

# YSX Trading Procedures

## YSX ၏ Order Book ဖတ်ရှုခြင်း

ရန်ကုန်စတော့အိတ်ချိန်း (YSX) ၏ Order Book တွင် Price-Time Priority အရ တန်းစီစနစ်ဖြင့် မိမိကြိုက်နှစ်သက်သည့်ဈေးနှုန်းနှင့် အရောင်း/အဝယ်ပြုလုပ်လိုသည့်အစုရေအား အမှာလွှာတင်နိုင်ပါသည်။

YSX ၏ Matching Principle အရ မနက် (၁၁) နာရီ နှင့် နေ့လည် (၁) နာရီ Matching တို့တွင် အစုရှယ်ယာအရေအတွက်အများဆုံး အရောင်း/အဝယ်ဖြစ်နိုင်သည့် ဈေးနှုန်းအား Matching Price ဟု သတ်မှတ်ပါသည်။




| Bid | | Price | Offer | |
|---|---|---|---|---|
| Total Bid Quantity | Bid Quantity | Price | Offer Quantity | Total Offered Quantity |
| 0 | 0 | 3,500 | 5650 | 18426 |
| 0 | 0 | 3,300 | 506 | 12776 |
| 0 | 0 | 3,250 | 1669 | 12270 |
| 0 | 0 | 3,200 | 5144 | 10601 |
| 3569 | 3569 | 3,150 | 1857 | 5457 |
| 5648 | 2079 | 3,100 | 3600 | 3600 |
| 6860 | 1212 | 3,050 | 0 | 0 |
| 23890 | 17030 | 3,000 | 0 | 0 |

- အထက်ပါဈေးကွက်အခြေအနေအရ Expected Matching Price သည် 3,100 ကျပ် ဖြစ်နိုင်သည်ဟုပြနေပါသည်။

- လက်ရှိဈေးကွက်အခြေအနေအရ 3,150 ဈေးတွင် အဝယ်စုစုပေါင်း (Total Bid Quantity) မှာ 3,569 စု ဖြစ်ပြီး၊ အရောင်းစုစုပေါင်း (Total Offer Quantity) မှာ 5,457 စု ဖြစ်သည့်အတွက် 3,150 ဈေးတွင် အရောင်းအဝယ်ဖြစ်နိုင်သည့် အစုရေမှာ 3,569 စု ဖြစ်ပါသည်။

- 3,100 ဈေးတွင် Total Bid Quantity မှာ 5,648 စုရှိပြီး၊ Total Offer Quantity မှာ 3,600 စု ရှိသည့်အတွက် 3,100 ဈေးတွင် အရောင်းအဝယ်ဖြစ်နိုင်သည့် အစုရေမှာ 3,600 စု ဖြစ်ပါသည်။

- ထို့ကြောင့် လက်ရှိဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအရ ရှယ်ယာအရောင်းအဝယ်ဖြစ်နိုင်သည့် Expected Matching Price သည် 3,100 ကျပ်ဖြစ်နိုင်ပါသည်။

ဥပမာ

- 3,100 ဈေး နှင့် 3,150 ဈေးတွင် အရောင်းအဝယ်ဖြစ်နိုင်သည့် အစုအရေအတွက်မှာ 31 စု သာကွာပါသည်။ အကယ်၍ 3,150 ဈေးတွင် အဝယ် အစု 32 စု တက်လာပါက 3,150 ဈေးတွင် အရောင်းအဝယ်ဖြစ်နိုင်သည့်အစုအရေအတွက်မှာ 3,601 စု ဖြစ်မှာ ဖြစ်သည့်အတွက် Expected Matching Price သည် 3,150 ဟု ပြောင်းသွားပါမည်။

## YSX Trading Procedures

### Block Trading ဆိုသည်မှာ...

Block Trading ဆိုသည်မှာ အစုရှယ်ယာအရေအတွက်အမြောက်အများရောင်းဝယ်ခြင်းဖြစ်ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် block trading ပြုလုပ်ရန်အတွက် ရောင်းလိုသူမှာ အနည်းဆုံး အစုရှယ်ယာအရေအတွက် ၁၀,၀၀၀ စု ရှိရမှာဖြစ်ပြီး ဝယ်လိုသူမှာ အနည်းဆုံး အစုရှယ်ယာအရေအတွက် ၁၀,၀၀၀ စု ဝယ်ရမှာဖြစ်ပါသည်။

Block trading ၏ သဘောသဘာဝအရ အရောင်းအဝယ်ပြုလုပ်သည့်အချိန်ပေါ်မူတည်၍ ရှယ်ယာတစ်ခု၏ ယနေ့အဖွင့်ဈေး (ကြမ်းခင်းဈေး) သို့မဟုတ် ၁၁ နာရီ matching price သို့မဟုတ် ၁ နာရီ matching price တစ်ခုခုအား အခြေခံပြီး ထိုဈေးနှုန်း၏ ၅% အတက်အကျအတွင်း ဈေးနှုန်းညှိနှိုင်းနိုင်ပါသည်။

ဥပမာ

ရှယ်ယာတစ်ခု၏ ၁၁ နာရီ matching price မှာ ၅,၀၀၀ ကျပ်ဖြစ်ပါက + ၅% ဖြစ်သည့် ၅,၂၅၀ ကျပ် နှင့် - ၅% ဖြစ်သည့် ၄,၇၅၀ ကျပ် ကြားတွင် ဝယ်သူနှင့်ရောင်းသူ သဘောတူသည့် ဈေးတစ်ခုအားညှိနှိုင်း၍ block trading ပြုလုပ်နိုင်ပါသည်။

| Block Trading ၏ အားသာချက်များ - |
| --- |
| • အစုရှယ်ယာအရေအတွက်အမြောက်အများအား ဝယ်သူ နှင့် ရောင်းသူ (၂) ဦးကြား ချိတ်ဆက်ပေးနိုင်ခြင်း |
| • ဈေးကွက်ပေါက်ဈေးထက် ± ၅% အတွင်း ဈေးနှုန်းညှိနှိုင်းနိုင်ခြင်း |
| • Block Trading သည် YSX ၏ Order Book ပြင်ပမှ အရောင်းအဝယ်ပြုလုပ်သည့်အတွက် အစုရှယ်ယာအရေအတွက် အမြောက်အများရောင်းဝယ်ခြင်းကြောင့်ဖြစ်နိုင်သည့် ဈေးနှုန်းဂယက်ရိုက်မှုများအား ကာကွယ်နိုင်ခြင်း |

YSX ရှိ ရှယ်ယာများအား Block Trading ပြုလုပ်ရန် စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့စိတ်ဝင်စားသည့်ရှယ်ယာအစုရေနှင့် ဈေးနှုန်းအား KBZSC Trading Department တွင် စာရင်းပေးထားနိုင်ပါသည်။ KBZSC မှ ဝယ်လိုသူနှင့် ရောင်းလိုသူများအား ချိတ်ဆက်ပေးမှာဖြစ်ပါသည်။

## Securities Exchange Law

### Insider Trading ဆိုသည်မှာ...

Insider Trading (အတွင်းသတင်းဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်း) ဆိုသည်မှာ ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်းမရှိသည့် (သို့) ဖွင့်ဟအသိပေးခြင်း မပြုရသေးသည့် အရေးကြီး သတင်းအချက်အလက်များကို သိရှိနေသူတစ်ဦးမှ ငွေချေးသက်သေခံလက်မှတ်များကို အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပြီး ယင်းအချက်အလက်များသည် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ကြီးစွာသက်ရောက်မှုရှိစေမည် (သို့) ရှိနိုင်မည် ဖြစ်ပါသည်။

အတွင်းလူဆိုသည်မှာ စာရင်းဝင်ကုမ္ပဏီများနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများတွင် အစုရှယ်ယာပိုင်ဆိုင်မှု ၂၀% နှင့် အထက်ပိုင်ဆိုင်သူများ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများ၊ အခြားလွတ်လပ်သော ကန်ထရိုက်တာများအပြင် ၎င်းတို့၏နီးစပ်သော မိသားစုဝင်များ စသည့် လူပုဂ္ဂိုလ်များပါဝင်ပါသည်။

အတွင်းသတင်းဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအရ တားမြစ်ထားပြီး ထိုကိစ္စရပ်ကို ကျူးလွန်သောသူကို ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက (၁၀) နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်တို့ ချမှတ်ခံရနိုင်ပါသည်။

# Online Trading ပြုလုပ်ရန်သိသင့်သော အချက်အလက်များ

**Time**

### KBZSC တွင် Online မှ အမှာလွှာတင်နိုင်သည့်အချိန်များ

1. Today Order – 9:30 AM to 12:59 PM
2. Pre-Order – 2:15 PM to 9:20 AM (next day)

### KBZSC တွင် Online မှ အမှာလွှာတင်၍ မရသည့် အချိန်များ

1. Pre-Open Stage – 9:20 AM to 9:30 AM
2. End-of-Day System Update – 1:00 PM to 2:15 PM

Online မှ တင်သွင်းသည့် အမှာလွှာများ၏ သက်တမ်းသည် တစ်ရက်ဖြစ်ပါသည်။ ယနေ့အတွက် အမှာလွှာမအောင်မြင်ပါက ယင်းအမှာလွှာအား နောက်တစ်နေ့အတွက် ထပ်မံတင်သွင်းရန်လိုအပ်ပါသည်။

**Amount**

### Online မှ အမှာလွှာတင်နိုင်သည့် ငွေပမာဏ

- Online မှ အမှာလွှာတင်သွင်းမှုကို ငွေကျပ် သိန်း (၁၀၀) အောက် သာခွင့်ပြုထားပါသည်။
- ငွေကျပ်သိန်း (၁၀၀) နှင့် အထက် အမှာလွှာတင်လိုသူများအနေဖြင့် KBZSC Trading Department ဖုန်း 01 230 7305 ~ 08 သို့ ဆက်သွယ်၍ အမှာလွှာတင်နိုင်ပါသည်။

**Risks of Online Trading**

### Online Trading ပြုလုပ်ခြင်း၏ အချို့သောဆုံးရှုံးနိုင်ခြေရှိမှုများ

- အွန်လိုင်းမှာတစ်ဆင့် ရှယ်ယာအရောင်းအဝယ်ပြုလုပ်ရာတွင် customer များအနေဖြင့် hardware နှင့် software စနစ် ချို့ယွင်းမှုအရ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများနှင့် ကြုံတွေ့ရနိုင်ပါသည်။ အကျိုးအားဖြင့် မိမိတင်သွင်းထားသည့် အမှာလွှာအပေါ်တွင် မိမိညွှန်ကြားချက်များအတိုင်း အကောင်အထည်ဖော် မဆောင်ရွက်နိုင်ခြင်း (သို့) အရာအားလုံးကို မဆောင်ရွက်နိုင်တော့ခြင်းဖြစ်ပေါ်လာနိုင်ပါသည်။
- Online trading ပြုလုပ်ခြင်းသည် အင်တာနက်ချိတ်ဆက်မှုအပေါ်တွင် မူတည်နေပါသည်။ အင်တာနက်ချိတ်ဆက်မှု နှေးကွေးခြင်း (သို့) ပြတ်တောက်ခြင်းဖြစ်လာလျှင် မိမိတင်သွင်းထားသော အမှာလွှာအပေါ်တွင် မိမိညွှန်ကြားချက်များအတိုင်း အကောင်အထည်ဖော် မဆောင်ရွက်နိုင်ခြင်း (သို့) အရာအားလုံးကို မဆောင်ရွက်နိုင်တော့ခြင်း ဖြစ်ပေါ်လာနိုင်ပါသည်။
- မိမိ၏စာရင်းအား သူတစ်ပါးမှလွဲမှားစွာအသုံးပြုခံရပါက မိမိ၏ခွင့်ပြုချက်မပါရှိသော အရောင်းအဝယ်ပြုလုပ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤဖော်ပြချက်များသည် လုံခြုံစိတ်ချရမှုမရှိသော wifi (သို့) မိုဘိုင်းလ်ကွန်ယက် အသုံးပြုခြင်းကြောင့်ဖြစ်စေနိုင်ပါသည်။
- Online trading နည်းစနစ်အား ရင်းနှီးကျွမ်းဝင်မှုမရှိပါက မရည်ရွယ်ထားသော အမှာလွှာတင်သွင်းထားခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ (ဥပမာ Limit Order အစား Market Order ဖြင့်အမှာလွှာတင်သွင်းခြင်းအားရွေးချယ်မိခြင်း)

# Online Trading ပြုလုပ်ဖို့သင်အဆင်သင့်ဖြစ်နေပြီလား???

**ARE YOU READY?**




Online Trading ပြုလုပ်ရန်အတွက်လိုအပ်တာတွေကတော့

- လူကြီးမင်းရဲ့ KBZSC Login ID နှင့် Password
- KBZSC Android (သို့) iOS Mobile Application
- Mobile Application User Guide

ဒီအချက်အလက်တွေ လူကြီးမင်းဆီမှာ မရှိသေးရင်တော့ KBZSC ရဲ့ Customer Service 01 230 7300~02 သို့ ဆက်သွယ်ပြီးရယူနိုင်ပါတယ်။ Trading Account မဖွင့်ရသေးတဲ့ လူကြီးမင်းများအနေဖြင့်လည်း KBZSC မှာ အကောင့်ဖွင့်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

## KBZSC Online Trading Help Desk: 01 230 7310 ~ 11

Android Mobile App QR Code

KBZSC Mobile Application ကို QR Code ဖြင့် ဒေါင်းလုပ်ဆွဲရန်

iOS Mobile App QR Code

### KBZSC Securities Trading Department သို့ ဆက်သွယ်ရန်

| | |
|---|---|
| Telephone | : 01 230 7305 ~ 08 |
| Email | : trading@kbzsc.com |
| Website | : www.kbzsc.com |
| Facebook | : www.facebook.com/KBZSC |
| Office Hours | : 9:00 AM ~ 4:30 PM |

တာဝန်မှ ကင်းလွတ်ကြောင်းအသိပေးခြင်း (Disclaimer)

The Market Watch Newsletter အား KBZSC မှ အများပြည်သူသို့ အသိပညာပေးရန် ရည်ရွယ်၍ အများပြည်သူတို့ အလွယ်တကူရရှိနိုင်သောအချက်အလက်များနှင့် အခြားမှန်ကန်သောသတင်းအရင်းအမြစ်များအားမှီငြမ်း၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤသတင်းလွှာတွင်ဖော်ပြထားသောအချက်အလက်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်အချို့သော သတင်းအချက်အလက်/ အကြောင်းအရာများကိုသာဖော်ပြထားသဖြင့် မိမိရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက အရေးပါသောအခြားအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် ဆုံးရှုံးနိုင်ခြေများရှိသဖြင့် စတော့ရှယ်ယာဈေးကွက်တွင်ရင်းနှီးမြှုပ်နှံမည်ဆိုပါကမိမိ၏ risk profile နှင့် investment objective များပေါ်မူတည်၍ စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။ ဤသတင်းလွှာတွင် ပါဝင်သော သတင်းအချက်များကိုအသုံးပြု၍ ဖြစ်ပေါ်လာသောမည်သည့်ရလဒ်အပေါ်မဆို KBZSC မှ တာဝန်မရှိပါ။ ဤ သတင်းလွှာတွင် ပါဝင်သော သတင်းအချက်အလက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း KBZSC ၏ ခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို လုံးဝခွင့်မပြုပါ။